# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဆဋ္ဌမ အကြိမ်ညီလာခံ

## ထုတ်ပြန်ကြေငြာချက်

## ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ ဆဋ္ဌမအကြိမ်ညီလာခံကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့မှ (၂၆)ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ် တနေရာတွင် အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပါသည်။ ညီလာခံသို့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းစဉ်တာဝန်ခံများ၊ ဒေသဆိုင်ရာတာဝန်ခံများနှင့် အကြံပေးအဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း (၅၉) ဦး တက်ရောက် ခဲ့ကြသည်။

ညီလာခံတွင် ပဥ္စမအကြိမ် ညီလာခံသက်တမ်းအတွင်း အဖွဲ့ချုပ်၏ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခြင်း၊ ဖွဲ့စည်းပုံ စည်းမျဉ်းများကို ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းတို့အပြင် လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေကိုလည်း သုံးသပ် ခဲ့ကြသည်။ ထိုသို့ သုံးသပ်ရာတွင် စစ်အစိုးရမှ စိတ်တိုင်းကျပြုလုပ်ခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံနှင့် ၂၀၁၀ ရွေးကောက်ပွဲတို့မှ ထွက်ပေါ်လာမည့် ဟန်ပြအရပ်သား အစိုးရသစ်တရပ်သည်လည်း တိုင်းပြည်အတွက် စစ်မှန်သည့် နိုင်ငံရေးပြုပြင် ပြောင်းလဲမှုကို ဖော်ဆောင်ပေးနိုင်မည် မဟုတ်ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ရှုမြင်သုံးသပ်သည်။

နအဖစစ်အစိုးရမှ ပြည်သူလူထုအပေါ် နည်းမျိုးစုံဖြင့် လူ့အခွင့်အရေး ဆက်လက်ချိုးဖေါက်နေမှုများအား စုံစမ်းစစ်ဆေးရန်အတွက် ကုလသမဂ္ဂ စုံစမ်းစစ်ဆေး ရေးကော်မရှင်တရပ် ဖွဲ့စည်းဖြစ်ပေါ်လာနိုင်စေရန် နိုင်ငံတကာ၏ ထောက်ခံအားပေးမှု ပိုမိုရရှိစေရေးအတွက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် စည်းရုံးလှုံ့ဆော်မှုများ ဆက်လက်လုပ်ဆောင် သွားရန် ဆုံးဖြတ်သည်။ ထို့အတူ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို အစီအစဉ်ချ ကျူးလွန်ခွင့်ပြုနေသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နအဖ စစ်ခေါင်းဆောင်များအား နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားခုံရုံးတွင် တရားစွဲဆိုနိုင်ရန်အတွက် ဆက်လက် ကြိုးပမ်းသွားမည်ဟု ဆုံးဖြတ် သည်။ ၎င်းအပြင် စစ်အာဏာရှင်စနစ်ပြုတ်ကျရေး၊ ဒီမိုကရေစီရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရေးတို့အတွက် အဖွဲ့ချုပ်၏ မူဝါဒနှင့်ကိုက်ညီသော နိုင်ငံရေးဆောင်ရွက်ချက်များကို အခြားမဟာမိတ် နိုင်ငံရေးအင်အားစုများနှင့် လက်တွဲ ဖေါ်ဆောင်သွားမည်ဖြစ်သည်။

ထို့အပြင် ဆဋ္ဌမအကြိမ်ညီလာခံသက်တမ်းအတွင်း ပြည်တွင်းစည်းရုံးရေးလုပ်ငန်းများကို အရှိန်မြင့် လုပ်ဆောင်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ရာတွင် အဖွဲ့ချုပ်၏ အဓိကလုပ်ငန်းစဉ်များဖြစ်သော ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၊ အမျိုးသမီးများ အကြမ်းဖက်မှုဆန့်ကျင်ရေး လုပ်ငန်းစဉ်၊ အမျိုးသမီးများ နိုင်ငံရေးစွမ်းရည် မြှင့်တင်ရေး လုပ်ငန်းစဉ်ကြီး သုံးခုကို အကောင်အထည်ဖေါ် ဆောင်ရွက်ရာ၌ မီဒီယာကို နည်းဗျူဟာ တခုအဖြစ် အသုံးပြုသွားရန် ဆုံးဖြတ်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ငြိမ်းချမ်း၍တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းသို့ရှေ့ရှု၍ အမျိုးသမီးများ ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အဖွဲ့ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနယ် စပ်အခြေစိုက် မြန်မာနိုင်ငံမှ အမျိုးသမီး အဖွဲ့စုစုပေါင်း (၁၂) ဖွဲ့ဖြင့် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့တွင် ဖွဲ့စည်းခဲ့သော အဖွဲ့ချုပ်ဖြစ်သည်။ ဤညီလာခံတွင် ကယန်း အမျိုးသမီးများ အစည်းအရုံး (KyWO) အား အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင်အဖွဲ့အစည်းအဖြစ် ကြိုဆိုလက်ခံခဲ့သည်။

ညီလာခံတွင် အတည်ပြုချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များကိုပြီးမြောက် အောင်မြင်စွာ အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ချုပ်၏ လာမည့် ဆဋ္ဌမအကြိမ် ညီလာခံ သက်တမ်း (၂) နှစ်တာကာလအတွင်း တာဝန်ယူသွားမည့် အတွင်းရေးမှူးအဖွဲ့ဝင် (၃) ဦးကို ဖွဲ့စည်းပုံနှင့်အညီ ရွေးချယ် တင်မြှောက်ခဲ့ပြီး မူဝါဒရေးရာများကို ဦးဆောင်မည့် သဘာပတိအဖွဲ့ကိုလည်း အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထို့အပြင် အဖွဲ့ချုပ် စတင်ဖွဲ့စည်းတည်ထောင်စဉ်က ပါဝင်ခဲ့ကြသော အမျိုးသမီးခေါင်းဆောင်များဖြင့် အကြံပေးအဖွဲ့ကိုလည်း ပြန်လည်တိုးချဲ့ ဖွဲ့စည်းခဲ့သည်။

အဖွဲ့ချုပ်၏ ဆဋ္ဌမအကြိမ် ညီလာခံသက်တမ်းကာလတွင် တာဝန်ယူဆောင်ရွက်သွားရန် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည့် အတွင်းရေးမှူး အဖွဲ့ဝင် (၃) ဦးမှာ အောက်ဖေါ်ပြပါအတိုင်းဖြစ်သည်။

| | |
|---|---|
| (၁) အထွေထွေအတွင်းရေးမှူး | **ဒေါ်တင်တင်ညို** |
| (၂) တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) | **စောစံငြိမ်းသူ** |
| (၃) တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) | **နော်ဝါးခုရှီး** |

**ဆက်သွယ်ရန်**

| | |
|---|---|
| ဒေါ်တင်တင်ညို | +၆၆ ၈၁၀ ၃၂၂ ၈၈၂ |
| စောစံငြိမ်းသူ | +၆၆ ၈၀၇ ၉၂၀ ၄၄၅ |
| နော်ဝါးခုရှီး | +၆၆ ၈၆၁ ၁၈၂ ၂၆၁ |

P.O Box. 413 G P O Chiang Mai 50000 Thailand wlb@womenofburma.org www.womenofburma.org

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အဖွဲ့ဝင် အဖွဲ့အစည်းများ

- မြန်မာ့အမျိုးသမီး သမဂ္ဂ (BWU)
- ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)
- ကရင်အမျိုးသမီး အစည်းအရုံး (KWO)
- ကရင်နီအမျိုးသမီး အစည်းအရုံး (KNWO)
- ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး (KWHRO)
- ကယန်း အမျိုးသမီးများ အစည်းအရုံး (KyWO)
- လားဟူအမျိုးသမီး အစည်းအရုံး (LWO)
- ပလောင်အမျိုးသမီး အစည်းအရုံး (PWO)
- ပအိုဝ့်အမျိုးသမီး သမဂ္ဂ (PWU)
- ရခိုင်အမျိုးသမီးများ အစည်းအရုံး  (RWU)
- ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း (SWAN)
- ထားဝယ်အမျိုးသမီး သမဂ္ဂ (TWU)
- မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (WRWAB)